# *Burmese Buddhist Association*

15 W110 Forest Lane, Elmhurst, IL 60126 • (630) 941-7608 • www.bba.us


## ရန်ကုန်မြို့ ကျောက်ကုန်းတောရ မေဒိနီ ကျောင်းတိုက်

## စာချ ဂဏဝါစက ဓမ္မကထိက ဆရာတော် ဘဒ္ဒန္တ ကုသလ တရားပွဲ



ဓမ္မမိတ်ဆွေအပေါင်းတို့ –

**မြန်မာဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း (ချီကာဂို)**တွင် **၂၀၀၉ ခုနှစ် စက်တင်ဘာလ (၁၃) ရက် တနင်္ဂနွေနေ့ နေ့လယ် ၁ နာရီ** ၌ ဆရာတော် “ **ဘဒ္ဒန္တ ကုသလ**” က ဓမ္မမိတ်ဆွေအပေါင်းတို့အား တရားချီးမြှင့်မည် ဖြစ်ပါ၍ တရားတော်နာ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားပါသည်။

ဆရာတော် **ဘဒ္ဒန္တ ကုသလ** နှင့် ကျောင်းရှိသံဃာတော်များကို **နံနက် ၁၁ နာရီ**တွင် **နေ့ဆွမ်းများ** လာရောက် ဆက်ကပ် လှူဒါန်းနိုင်ပါသည်။

## Dhamma Lecture

You are cordially invited to the Dhamma Lecture of the Venerable **Bhaddanta Kuthala** at the *Burmese Buddhist Association.*

Lunch for Sayadaw Bhaddanta Kuthala and the resident monks can be offered.

**Date:** **September 13, 2009. (Sunday)**
**Time:** **1:00 p.m.**
**Lunch:** **11:00 a.m.**

# Burmese Buddhist Association

15 W110 Forest Lane, Elmhurst, IL 60126 • (630) 941-7608 • www.bba.us


## ဆရာတော် ဘဒ္ဒန္တ ကုသလ

## (သာသန ဓဇ ဓမ္မာစရိယ၊ စာချ ဂဏဝါစက ဓမ္မကထိက) ၏ ထေရုပ္ပတ္တိအကျဉ်း

ဆရာတော်သည် ၁၃၂၀ ခု ဝါခေါင်လပြည့် တနင်းလာနေ့တွင် မန္တလေးတိုင်း သာစည်မြို့နယ် ကုက္ကိုကြန် ကျေးရွာ၌ ဖွားမြင်သည်။ ၁၂ နှစ်သားအရွယ်တွင် သာမဏေ ကိုရင် ဝတ်သည်။ ၁၃၃၉ ခုနှစ် တပေါင်းလတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကန်ဦး ဇေတဝန်စာသင်တိုက်၌ ဆရာတော် ဦးနန္ဒဝံသကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်သည်။

မန္တလေးတိုင်း မိတ္ထီလာမြို့ မြို့ဦးကျောင်းတိုက်၊ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကန်ဦး ဇေတဝန်စာသင်တိုက် နှင့် ရန်ကင်းမြို့နယ် ကျောက်ကုန်းတောရ မေဒိနီ စာသင်တိုက် တို့တွင် ပရိယတ္တိ စာသင်ခဲ့သည်။ အစိုးရ အဘိဓမ္မာ ဝိသုဒ္ဓိမဂ် ဂုဏ်ထူးဆောင် စာမေးပွဲများ အောင်မြင်ပြီး ငယ်+လတ်+ကြီး+သာသနဓဇ ဓမ္မာစရိယဘွဲ့များ ရရှိသည်။

ယခုအခါ ကျောက်ကုန်းတောရ မေဒိနီ ကျောင်းတိုက်တွင် သီတင်းသုံးနေထိုင်လျက် စာသင်သား သံဃာ (၁၉၀) ကျော်တို့အား စာပေသင်ကြား ပို့ချခြင်း၊ ဒါယကာ ဒါယိကာမများအား တရားဒေသနာ ဟောကြားခြင်း စသော သာသနာ့ တာဝန်များကို ထမ်းဆောင်လျက် ရှိပါသည်။

*******************************************************

*** Please check our website http://www.bba.us for the most recent updates about the activities at BBA.***